# လူငယ်များအတွက် ကိုဗစ်-19 ကာကွယ်ဆေး နားလည်သဘောပေါက်ပြီး သဘောတူညီချက်

Vaccinate WA
CovidVaccineWA.org

Washington State Department of Health (ဝါရှင်တန် ပြည်နယ် ကျန်းမာရေးဌာန) က အသက် 6 လ နှစ်နှင့်အထက်ရှိသူများအားလုံးကို ကာကွယ်ဆေးထိုးရန် တိုက်တွန်းအကြံပြုထားပါသည်။ ထိုးနှံခွင့်ရနေပြီ ဖြစ်ပါသည်။ ဆေးထိုးပေးသူများက အသက် 18 နှစ်အောက်ရှိသူများအား ကာကွယ်ဆေးထိုးပေးရန်အတွက် မိဘ သို့မဟုတ် အုပ်ထိန်းသူ တစ်ယောက်က သဘောတူညီချက်ပေးရန် တောင်းဆိုကြပါသည်။ သို့ရာတွင် သင်သည် အသက် 18 နှစ်မပြည့်သေးဘဲ သင့်မိဘ အရိပ်အာဝါသမှ လွတ်လပ်နေသူဖြစ်လျှင် အိမ်ရာ အခြေတကျမရှိခြင်း နှင့် မိဘ သို့မဟုတ် အုပ်ထိန်းသူတစ်ယောက်နှင့် အတူမရှိနေခြင်းတို့ကဲ့သို့သော အခြေအနေမျိုးတွင် အချို့သောသူများတွင် သင်ကိုယ်သင် သဘောတူညီချက်ပေးနိုင်ပါသည် သို့မဟုတ် သင့်ကျောင်းထံမှတစ်ဆင့် သဘောတူညီချက် ရယူနိုင်ပါသည်။ ဤစာရွက်စာတမ်းတွင် ပြည်နယ်ဥပဒေအရ ခွင့်ပြုထားသော သဘောတူညီချက် အမျိုးမျိုး၊ သင့်ကို ဝန်ဆောင်မှုပေးနိုင်သော ဆေးထိုးပေးသူတစ်ယောက်ကို ရှာဖွေနည်း နှင့် သင့်ကာကွယ်ဆေးထိုးရက်ချိန်းယူရန် ပြင်ဆင်နည်းများကို ဖော်ပြထားပါသည်။

## သင့်အတွက် သဘောတူညီချက်ပေးနိုင်သော လူကြီးများ-



- မိဘ
- အုပ်ထိန်းသူ သို့မဟုတ် ဥပဒေအရ ထိန်းကျောင်းသူ
- မွေးစားမိဘ သို့မဟုတ် တရားရုံးက အိမ်ပြင်ပတွင်နေရာချထားခံရသော ကလေးတစ်ယောက်အတွက် ကျန်းမာရေးစောင့်ရှောက်မှုအား အခွင့်အာဏာပေးခံထားရသော အခြားသူတစ်ယောက်ယောက် (ပုဒ်မ 13.32A သို့မဟုတ် 13.34 Revised Code of Washington (RCW, ပြန်လည်သုံးသပ်ထားသော ဝါရှင်တန် ကုဒ်)
- သင့်အတွက် ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ ဆုံးဖြတ်ချက်ချရန် လက်မှတ်ထိုးပြီး အခွင့်အာဏာပေးခံထားရသော လူတစ်ယောက်
- သင့်ကျန်းမာရေးစောင့်ရှောက်မှုကို တာဝန်ရှိသည့် ဆွေမျိုးတစ်ယောက်
- ကျောင်းသူနာပြု၊ အတိုင်ပင်ခံ သို့မဟုတ် အိမ်ရာမဲ့ ဆက်ဆံရေးမှူး (သင်သည် ပြည်ထောင်စု McKinney-Vento Homeless Education Act အရ အိမ်ခြေမဲ့ဟု သတ်မှတ်ခံထားရလျှင်)*

## အောက်ပါအခြေအနေတွင် သင့်ကိုယ်သင် သဘောတူညီချက်ပေးနိုင်ပါသည်-



- သင်သည် ဥပဒေအရ ကင်းလွတ်ခြင်းခံထားရလျှင် သင်သည် အသက် 16 နှစ်ပြည့်ပြီးဖြစ်ကာ သင့်မိဘများထံမှ ကင်းလွတ်ကြောင်း တင်ပြပြီး ခွင့်ပြုခံထားရပြီး ဖြစ်လျှင်
- သင်သည် ကင်းလွတ်ခြင်းခံထားရသည့် လူငယ် သို့မဟုတ် လူကြီးတစ်ယောက်နှင့် လက်ထပ်ထားလျှင်
- ဆေးထိုးပေးသူတစ်ယောက်က သင်သည် Mature Minor Doctrine (ရင့်ကျက်သော လူငယ် သဘောသဘာဝ) အရ ရင့်ကျက်သော လူငယ်တစ်ယောက်ဖြစ်သည်ဟု ဆုံးဖြတ်လျှင်**

***မက်ကင်နီ-ဗီတို ကိုသုံးပြီး သဘောတူညီချက် အကြောင်း ပိုမိုသိရှိရန် အချက်အလက်-**

ပြည်နယ်ဥပဒေအရ ကျောင်းသူနာပြုများ၊ ကျောင်းအတိုင်ပင်ခံများ နှင့် အိမ်ရာမဲ့ ကျောင်းသာ ဆက်ဆံရေးမှူးများသည် မိဘ သို့မဟုတ် အုပ်ထိန်းသူတစ်ယောက်၏ အုပ်ထိန်းမှုအောက်တွင် ရှိမနေသော အိမ်ရာမဲ့ လူငယ် သို့မဟုတ် ငယ်ရွယ်သောအရွယ်ရောက်ပြီးသူ (ပြည်ထောင်စု မက်ကင်နီ-ဗီတို အိမ်ရာမဲ့ ပညာရေး အက်ဥပဒေ - အင်္ဂလိပ်လိုသာ အရ သတ်မှတ်ထားသော) ၏ ကာကွယ်ဆေးထိုးခြင်းအတွက် သဘောတူညီချက်ပေးရန် အခွင့်အာဏာပေးထားသည်။

အရင်းအမြစ် လင့်ခ်- အိမ်ရာမဲ့မှုကို ကြုံတွေ့နေရသော ထိန်းကျောင်းသူမရှိသော ကျောင်းသားများ၏ ပညာရေးကို ထောက်ပံ့နေသော အိမ်ရာမဲ့ ပညာရေး အတွက် အမျိုးသား စင်တာ https://nche.ed.gov/wp-content/uploads/2018/10/youth.pdf - အင်္ဂလိပ်လိုသာ

****ရင့်ကျက်သော လူငယ်သဘောသဘာဝ အကြောင်း ပိုများသော အချက်အလက်:**

အချို့သော ဆေးထိုးပေးသူများက ဆေးကုသမှုတစ်ခု၏ ကျိုးကြောင်းကို သဘောပေါက်နိုင်ရန် သို့မဟုတ် နားလည်နိုင်ရန် အစွမ်းရှိပါက “ရင့်ကျက်သော လူငယ် သဘောသဘာဝ”အရ ခွင့်ပြုချက်တစ်ခုပေးရန် လူငယ်များကို ခွင့်ပေးနိုင်ပါသည်။

လူနာသည် ရင့်ကျက်သော လူငယ်တစ်ယောက်ဟုတ်မဟုတ်ကို ဆုံးဖြတ်ရာတွင် ဆေးထိုးပေးမည့်သူက လူငယ်၏ အသက်အရွယ်၊ ဉာဏ်ရည်၊ ရင့်ကျက်မှု၊ ပညာ၊ အတွေ့အကြုံ၊ ငွေကြေးလွတ်လပ်မှု သို့မဟုတ် မရှိမှု၊ လူကြီးတစ်ယောက်ကဲ့သို့ အထွေထွေ လုပ်ဆောင်နိုင်မှု နှင့် မိဘများ၏ ထိန်းချုပ်မှုမှ ကင်းလွတ်မှုစသည်တို့ကို သုံးသပ်ပါလိမ့်မည်။

## ဆေးထိုးပေးသူများက သဘောတူညီချက်များကို လက်ခံပုံ တစ်ယောက်နှင့်တစ်ယောက်မတူကြပါ။

- နှုတ်ဖြင့် သဘောတူညီချက် (ဖုန်းဖြင့် သို့မဟုတ် လူချင်းတွေ့ပြီး)
- စာဖြင့် သဘောတူညီချက် (ပုံစံတစ်ခုဖြင့်)
- တစ်ချို့က စာဖြင့်ရော နှုတ်ဖြင့် သဘောတူညီချက်ကိုပါ လိုအပ်တတ်ကြပါသည်။
- သင့်အတွက် သဘောတူညီချက်ပေးသော လူကြီးထံမှ လူချင်းတွေ့ သဘောတူညီချက်ရလျှင်

### ကာကွယ်ဆေးထိုးခံရန်အတွက် အကြံပြုချက်များ

- ☐ **ကာကွယ်ဆေးတည်နေရာရှာစက်အား([vaccinelocator.doh.wa.gov](vaccinelocator.doh.wa.gov)) တွင် ဇကာစစ်ရွေးချယ်စရာများကို အသုံးပြုပါ သို့မဟုတ် ဆေးထိုးပေးသူက လက်ခံသော သဘောတူညီချက်အမျိုးအစားကို ကြည့်ရန် ဆေးထိုးပေးသူထံသို့ ဖုန်းဆက်ပါ။** ကာကွယ်ဆေးတည်နေရာရှာစက်တွင် လူငယ်များအတွက် ဇကာစစ်ရွေးချယ်စရာများ က သင့်ကို ကူညီပြီး သင့်အခြေအနေကို ဖြေရှင်းပေးနိုင်မည့် ဆေးထိုးပေးမည့်သူတစ်ယောက်ကို ရှာဖွေပေးပါလိမ့်မည်။ ဥပမာ သင့်အတွက် သဘောတူညီချက်ပေးနိုင်မည့် လူကြီးတစ်ယောက်ရှိသော်လည်း သင်နှင့်အတူ ရက်ချိန်းမသွားနိုင်လျှင် စာဖြင့်သဘောတူညီချက်ကို လက်ခံသော ဆေးထိုးပေးမည့်သူတစ်ယောက်ကို ရှာရပါမည်။
- ☐ ပုံစံကို အွန်လိုင်းမှတစ်ဆင့် ဖြေပေးမည့် မိဘ/အုပ်ထိန်းသူ တစ်ယောက် မရှိလျှင် ကြို၍ဆေးဝင်ထိုးခြင်း သို့မဟုတ် ရက်ချိန်းယူရန် ဖုန်းဆက်ခြင်းကို လက်ခံသော ကာကွယ်ဆေးတည်နေရာကို ရှာဖွေပါ။ ရက်ချိန်းကို အွန်လိုင်းမှယူခြင်းကို ပြုလုပ်ရန် သဘောတူညီချက်ပုံစံကို မိဘ သို့မဟုတ် အုပ်ထိန်းသူတစ်ယောက်က ဖြည့်စွက်ပေးရန် ဆေးထိုးပေးသူအများအပြားက တောင်းဆိုတတ်ကြပါသည်။
- ☐ သင့်ကျောင်းတွင် ဝင်ကြည့်ပါ။ သင်သည် အိမ်ရာအခြေမကျဖြစ်မှုကို ကြုံတွေ့နေရပါက မက်ကင်နီ-ဗီတို ကို အသုံးပြုလို့ ရကောင်းရနိုင်ပါသည်။ (အသေးစိတ်ကို အရှေ့ဘက်တွင် ကြည့်ပါ) သင်သည် ကျောင်းသူနာပြု၊ ကျောင်းအတိုင်ပင်ခံ သို့မဟုတ် အိမ်ရာမဲ့ကျောင်းသားဆက်ဆံရေးမှူး အား သဘောတူညီချက်ပေးရန် တောင်းဆိုလို့ရပါသည်။
- ☐ သင်ပြရမည့် သဘောတူညီချက်အမျိုးအစားအတွက် ပြင်ဆင်ခြင်း-
  - ☐ သင့်ရက်ချိန်းတွင် လူကြီးတစ်ယောက်ပါရန် လိုအပ်လျှင် ၎င်းတို့နှင့် ညှိနှိုင်းပါ။
  - ☐ ဆေးထိုးပေးမည့်သူက စာဖြင့်သဘောတူညီချက်ကို လက်ခံလျှင် သင့်ကို သဘောတူညီချက်ပေးမည့်သူအား ပုံစံကို ပုံနှိပ်ပြီး လက်မှတ်ထိုးပေးနိုင်မလားကို ကြည့်ပါ။
  - ☐ သင်သည် ကင်းလွတ်ခွင့်ရထားသော လူငယ် သို့မဟုတ် ကင်းလွတ်ခွင့်ရထားသော လူငယ် သို့မဟုတ် လူကြီးတစ်ယောက်နှင့် လက်ထပ်ထားသော လူငယ်တစ်ယောက်ဖြစ်နေလျှင် သင်သည် အထောက်အထားများကို ယူဆောင်လာရန် လိုအပ်ပါသည်။
  - ☐ သင်သည် မက်ကင်နီ-ဗီတို ကိုသုံးပြီး သဘောတူညီချက်ရရှိထားပြီး ဆေးထိုးပေးမည့်သူက မေးခွန်းများထုတ်မည်ကို စိုးရိမ်နေရလျှင် သင်သည် နားလည်သဘောပေါက်ပြီး သဘောတူညီချက် ဥပဒေ ၏ မိတ္တူကို ယူဆောင်သွားနိုင်ပါသည်။ RCW [7.70.065 - အင်္ဂလိပ်လိုသာ](https://app.leg.wa.gov/RCW/default.aspx?cite=7.70.065) နှင့် ကျောင်းအတွက် သီးခြား အစိတ်အပိုင်းများကို အမှတ်အသားပြုထားပြသပါ။ (ဥပဒေ နှင့်ဆိုင်သော လင့်ခ်များ- [https://app.leg.wa.gov/RCW/default.aspx?cite=7.70.065](https://app.leg.wa.gov/RCW/default.aspx?cite=7.70.065)- အင်္ဂလိပ်လိုသာ) မှတ်ချက်။ ။ ယင်းမှာ လိုအပ်ချက်တစ်ခု မဟုတ်ပါ။
  - ☐ သင်သည် ရင့်ကျက်သော လူငယ် သဘောသဘာဝ အားဖြင့် သင့်ကိုယ်သင် သဘောတူညီချက်ပေးရန် ရည်ရွယ်ထားလျှင် သင်သည် သင့်မိဘ အရိပ်အာဝါသအောက်မှ ကင်းလွတ်ကြောင်း ပြနိုင်သည့် အထောက်အထားများနှင့် အချက်အလက်များကို ထုတ်ပြရန် လိုအပ်နိုင်ပါသည်။ ယင်းကို ဆေးထိုးပေးသူများအားလုံးက တောင်းဆိုသည် မဟုတ်သော်လည်း အကူအညီတော့ ဖြစ်စေနိုင်ပါသည်။ အချို့သော ဆေးထိုးပေးသူများသည် ရင့်ကျက်သော လူငယ်ဖြစ်ကြောင်း ဆုံးဖြတ်ချက်ကို တစ်ထိုင်တည်း ဆုံးဖြတ်မပေးကြသော်လည်း ယခင် စောင့်ရှောက်သူများ၏ ရင့်ကျက်သောလူငယ်များ ဖြစ်ကြောင်း ဆုံးဖြတ်ချက်များကို လက်ခံပေးတတ်ကြပါသည်။



Washington State Department of HEALTH

ဤစာရွက်စာတမ်းကို အခြားဖောမတ်ဖြင့် တောင်းဆိုရန်အတွက် 1-800-525-0127 သို့ ခေါ်ဆိုပါ။ နားမကြားသော သို့မဟုတ် နားလေးသော ဝန်ဆောင်မှုရယူသူများအနေဖြင့် 711 (Washington Relay) သို့ ခေါ်ဆိုပါ သို့မဟုတ် civil.rights@doh.wa.gov ထံ အီးမေးလ်ပေးပို့ပါ။